ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
ပေကျင်းမြို့
No.6 Dong Zhi Men Wai Street, Chao Yang District
Beijing 100600, People's Republic of China
Tel:0086 10 6532 0351, 6532 0412
Fax: 0086 10 65320408

# တရုတ်နိုင်ငံမှ ထုတ်လုပ်သည့် COVID-19 ကာကွယ်ဆေးများ ၂၀၂၁ ခုနှစ်၊ နှစ်ဆန်းပိုင်း အစောဆုံးကာလတွင် မြန်မာနိုင်ငံသို့ ရောက်ရှိမည့် အခြေအနေနှင့်စပ်လျဉ်း၍ နှစ်သစ်ကူးသတင်းကောင်းအဖြစ် အသိပေးဖော်ပြခြင်း

၁။ တရုတ်နိုင်ငံမှထုတ်လုပ်သည့် COVID-19 ကာကွယ်ဆေးများအား အရေးပေါ်သုံးစွဲမှု (Emergency Use) အနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက ခွင့်ပြုပေးခဲ့ပြီးနောက် အရေးပေါ်သုံးစွဲမှု (Emergency Use) အနေဖြင့် စတင်သုံးစွဲခဲ့ပါသည်။ ထိုအချိန်မှစ၍ ပေကျင်းမြို့၊ မြန်မာသံရုံးအနေဖြင့် တရုတ်နိုင်ငံ၏ ကာကွယ်ဆေးထုတ်လုပ်မှု၊ စမ်းသပ်မှုနှင့် သုံးစွဲမှုများအား သေချာစွာစောင့်ကြည့်လေ့လာခဲ့ပါသည်။

၂။ ထို့နောက် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လမှစတင်၍ တရုတ်နိုင်ငံမှ ထုတ်လုပ်သည့် COVID-19 ကာကွယ်ဆေးများ မြန်မာနိုင်ငံသို့ ပေးပို့နိုင်ရေးအတွက် စတင်ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။

၃။ ထိုကဲ့သို့ ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် COVID-19 ကာကွယ်ဆေးစမ်းသပ်ထုတ်လုပ်မှုနှင့် အဆင့်အလိုက် စမ်းသပ်မှုများတွင် အောင်မြင်မှုများရရှိလျက်ရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက အသိအမှတ်ပြုကာ အရေးပေါ်သုံးစွဲမှု (Emergency Use) ခွင့်ပြုချက်ရရှိပြီးဖြစ်သည့် China National Pharmaceutical Group Co., Ltd (Sinopharm) နှင့် Sinovac Botech (Hong Kong) Limited တို့သို့ ဆက်သွယ်၍ မြန်မာသံအမတ်ကြီးက သွားရောက်တွေ့ဆုံကာ ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပါသည်။ တစ်ချိန်တည်းမှာပင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနနှင့်လည်း တွေ့ဆုံဆွေးနွေးကာ ညှိနှိုင်းမှုများဆောင်ရွက်ခဲ့ပါသည်။

၄။ ပေကျင်းမြို့၊ မြန်မာသံရုံးမှ မြန်မာသံအမတ်ကြီးအနေဖြင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၊ Sinopharm ၊ Sinovac နှင့် အခြားသော ရောဂါကာကွယ်ရေးသုတေသနဌာနများ၊ လူပုဂ္ဂိုလ်များနှင့် ၃၀-၁၂-၂၀၂၀ ရက်နေ့အထိ တွေ့ဆုံဆွေးနွေးမှုပေါင်း (၃၁) ကြိမ် ပြုလုပ်ခဲ့ပါသည်။

၅။ ၂၉-၁၂-၂၀၂၀ ရက်နေ့နှင့် ၃၀-၁၂-၂၀၂၀ ရက်နေ့တို့တွင် တွေ့ဆုံဆွေးနွေးမှုများအရ တရုတ်နိုင်ငံမှထုတ်လုပ်သည့် ကာကွယ်ဆေးများသည် ၂၀၂၁ ခုနှစ်၏ နှစ်ဆန်းပိုင်း၊ အစောဆုံးကာလများတွင် မြန်မာနိုင်ငံသို့ စတင်ရောက်ရှိမည့် အခြေအနေအထိ ရောက်ရှိနေပြီဖြစ်ပါကြောင်းနှင့် နှစ်ဖက်ဆွေးနွေးမှုများကို ဆက်လက်ပြုလုပ်လျက်ရှိပါကြောင်း မြန်မာပြည်သူများအတွက် နှစ်သစ်ကူးသတင်းကောင်းအဖြစ် အသိပေးဖော်ပြအပ်ပါသည်။

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
012
BEIJING

မြန်မာသံရုံး၊ ပေကျင်းမြို့
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃၁ ရက်